AROMA
ဝိညာဉ်ရေးရာစာစောင်

Calvary Burmese Church, 755, 8th Street, NW Washington DC 20001, Tel; (202) 347-8355, www.cbc-dc.com

December 2009 အတွဲ ၆၊ အမှတ် ၁၂။ ကရာနီမြန်မာအသင်းတော်(ဝါရှင်တန်ဒီစီ)ဝေဂေလိနှင့်သာသနာပြုဌါနမှထုတ်ဝေသည်။

**ခရစ်တော်သည်ငါတို့ကိုချစ်တော်မူသောအားဖြင့်၊ ဘုရားသခင့်ရှေ့တော်၌မွှေးကြိုင်သောအနံ့ရှိစေခြင်းငှါ၊ကိုယ်ကိုကိုယ်ဆက်ကပ်၍ယဇ်ပူဇော်လျက်၊ ငါတို့အတွက်စွန့်တော်မူသည်နည်းတူ၊ သင်တို့သည်မေတ္တာတရား၌ကျင်လည်ကြလော့။ (ဧဖက် ၅း၂)**

# အကျင့်နှင့်ကင်းသောယုံကြည်ခြင်း

''ဝိညာဉ်နှင့်ကင်းသောကိုယ်သည် အသေ ဖြစ်သကဲ့သို့ အကျင့်နှင့်ကင်းသော ယုံကြည် ခြင်းသည် အသေဖြစ်၏'' (ယာကုပ် ၂း၂၆)

ကျွန်မငယ်စဉ်ကတည်းကနေ ခရစ်ယာန် တစ်ဦးဖြစ်ခဲ့ပါတယ်။ တနည်းအားဖြင့် ပြော ရမယ်ဆိုရင်တော့မိရိုးဖလာ ခရစ်ယာန်ပေါ့။ ၁၉၉၆ ခုနှစ်ကျမ်းစာသင်တန်းတစ်ခုမှာ ဆရာတစ်ဦးအားဖြင့် ဝိညာဉ်မျက်စိ ပွင့်လင်းပြီး ဒုတိယမွေးဖွားခြင်းအသက်တာကို ရရှိလျက် ကယ်တင်ခြင်းသို့ ရောက်ခဲ့ရတာ ဖြစ်ပါတယ်။ ယုံကြည်သောအားဖြင့် ကျေးဇူးတော်ကြောင့် ကယ်တင်ခြင်းသို့ ရောက်တဲ့အကြောင်း၊ ကိုယ်ကုသိုလ်ကြောင့် မဟုတ်တဲ့ အကြောင်း (ဧဖက် ၂း၈–၉) ထိုသူ (ယေရှု) ကို လက်ခံသမျှသောသူတည်းဟူသော ကိုယ်တော်ကိုယုံကြည်သောသူတို့ဟာ ဘုရားသခင်ရဲ့သားဖြစ်ရတဲ့အခွင့်ကိုရတယ် (ယော ၁း၁၂) စတဲ့ကျမ်းပိုဒ်များအားဖြင့် ပြောင်းလဲခြင်းအခွင့်ကို ရခဲ့တာဖြစ်တယ်။

ဒုတိယမွေးဖွားခြင်း ခံရပြီးတဲ့နောက်မှာ တော့ နှုတ်ကပတ်တော်သမ္မာကျမ်းစာကိုဖတ်ဖို့ အထဲကနေဆာတော်လာတယ်၊ ဖတ်လည်းဖတ်ဖြစ်တဲ့အပြင် စာမူဆောင်းပါး တွေပါရေးနိုင်ခွင့်ကို ဘုရားသခင်ပြင်ဆင် ပေးခဲ့ပါတယ်။ အဲဒီလို သမ္မာကျမ်းစာကို ဖတ်တဲ့အခါ (ယာကုပ် ၂း၂၀) ရောက်တိုင်း စိတ်ထဲမှာခိုးလုခုလုဖြစ်ခဲ့ရတယ်။

အဲဒီကျမ်းပိုဒ်ကဘာ ဒီလိုဖြစ်တယ်။ ''လျှပ်ပေါ်သောလူ၊ အကျင့်နှင့်ကင်းသော ယုံကြည်ခြင်းသည် အသေဖြစ်သည်ကို သိချင်သလော'' ။ ပြီးတော့ (ယာကုပ် ၂း၂၄) မှာလည်း ''လူသည်ယုံကြည်ခြင်း အားဖြင့်သာ ဖြောင့်မတ်ရာသို့ ရောက်သည်

**လူဖြစ်လာတာဆင်းရဲဒုက္ခခံဖို့မဟုတ်ပါ၊ ဆင်းရဲဒုက္ခနယ်မြေသို့ရောက်နေခြင်းသာဖြစ်တယ်။**
(Zion)

**ယခုလဖတ်စရာ**

– အကျင့်နှင့်ကင်းသောယုံကြည်ခြင်း
– ကောင်းကင်သို့အလည်တစ်ခေါက်

**ဝိညာဉ်ရေးအကြံပေး**
သိက္ခာတော်ရဆရာစောလယ်ထူး

**အယ်ဒီတာအဖွဲ့**

ဦးကမ် **(ထုတ်ဝေရေး)**
ukamaroma@gmail.com
သောင်းနိုး **(ကွန်ပြူတာစာတည်း)**
thawngnoaroma@gmail.com

**ကွန်ပြူတာစာစီ**

တိုးတိုးခိုင်

စာမူပေးပို့လိုသူများအောက်ပါ လိပ်စာသို့ပေးပို့နိုင်ပါသည်။

3401 Sudlersville South
Laurel, MD 20724
Tel: 301-776-6820

မဟုတ်၊ အကျင့်အားဖြင့်ရောက်သည်ကို သင်တို့သိမြင်ရကြ၏” ရှင်ယာကုပ်ဩဝါဒစာ ဖတ်တိုင်းမှာ ‘သူ’က အခြားဩဝါဒစာတွေနဲ့မတူသလို၊ ဆန့်ကျင်နေသလို၊ ‘သူ’ ကသိပ်ပြီး စည်းကမ်းတင်းကြပ်နေသလိုမျိုး ခံစားမိပါတယ်။ အထူးသဖြင့် ပြောင်းလဲခါစအသက်တာမှာယုံကြည်ခြင်းနဲ့ပဲ ကယ်တင်ခြင်းသို့ရောက်တယ်ဆိုတာ ဟုတ်ပါ့မလား။ ရှင်ယာကုပ်က အကျင့်လည်းလိုသေးတယ်လို့ပြောနေပါလား။ စသဖြင့် ဇဝေဇဝါအတွေးတွေဖြစ်ခဲ့ဘူးပါတယ်။ ဩဝါဒစာစောင်တွေဟာ မိမိရဲ့အကျင့်အားဖြင့်မဟုတ်ဘဲ၊ ကျေးဇူးတော်သက်သက် နဲ့၊ ယုံကြည်ခြင်းအားဖြင့်အခမဲ့သက်သက် ကယ်တင်ခြင်းသို့ရောက်ကြောင်းဖော်ပြလျှက်ရှိပါတယ်။ တစ်ချို့အသင်းတော်တွေမှာ အကျင့်ကိုဦးစားပေးနေတာမြင်တွေ့ရတယ်။ ဥပမာ – ခရစ်ယာန်ဖြစ်ရင်ကောင်းသောပုံသက်သေ၊ ကောင်းသောအကျင့်ကျင့်ရမယ်လို့သွန်သင်ကြတယ်။ ရှင်ယာကုပ်ကလည်း အကျင့်နဲ့ကင်းတဲ့ယုံကြည်ခြင်းက အသေဖြစ်တယ်လို့ပြောနေတော့ ရှင်ယာကုပ်က ဘာကိုဆိုလိုနေတာလဲ အကျင့်ဆိုတာဘာလဲ ဘယ်လိုအရာတွေကိုအကျင့်လို့ခေါ်သလဲ ခရစ်ယာန်ဖြစ်တဲ့အတွက် ဘယ်လိုအကျင့်မျိုးကျင့်ရမလဲဆိုတာ အတူတကွဆင်ခြင်စဉ်းစားကြရအောင်။

(၁) Habit

အကျင့်ကို Habit လို့ ဦးစွာအဓိပ္ပါယ်ဖွင့်ဆိုချင်ပါတယ်။ တစ်စုံတစ်ဦးရဲ့ လုပ်နေကျအလုပ်တစ်ခုသို့မဟုတ် လုပ်ထရှိတဲ့အရာကိုခေါ်ပါတယ်။ ဥပမာ – ကျွန်မဆိုရင် လက်ဖက်ရည်ဆိုင်မှာ လက်ဖက်ရည်မှာပြီး သောက်ခါနီးကျရင် ကိုယ်သောက်မဲ့ဖန်ခွက်အဝဖက်ကိုတစ်သျှူးနဲ့သုတ်ပစ်တတ်တဲ့အကျင့်ရှိပါတယ်။ ကျွန်မတို့အသင်းတော်ကဆရာမတစ်ယောက်ဆိုရင် တစ်ယောက်ယောက်နဲ့ စကားလက်ဆုံပြောပြီးလမ်းခွဲခါနီးမှာ ‘တာ့တာ’ ပြပြီး နှုတ်ဆက်တတ်တဲ့ချစ်စရာအကျင့်လေးတစ်ခုရှိပါတယ်။ လူတစ်ယောက်မှာ အကျင့်တစ်မျိုးစီ သို့မဟုတ် အကျင့်နှစ်မျိုးသုံးမျိုးစီရှိတတ်ပါတယ်။ ကောင်းတဲ့အကျင့်တွေလဲ ရှိတတ်သလို၊ မကောင်းတဲ့အကျင့်တွေလည်းရှိတတ်ပါတယ်။ ဥပမာ – ကျွန်မတို့ဆေးခန်းလာတဲ့လူနာတစ်ယောက်ဆိုရင် စကားပြောတဲ့အခါ အနားကပ်လာပြီး အကျယ်ကြီးပြောတတ်တဲ့အကျင့် ရှိတော့ တံတွေးစင်ပြီး စိတ်ညစ်ရတယ်။ တစ်ချို့ကစိတ်ကောက်တတ်တဲ့အကျင့်၊ ထစ်ကနဲဆိုစိတ်တိုတတ်တဲ့အကျင့်၊ အရက်သောက်တတ်တဲ့အကျင့်၊ စိတ်မြန်တတ်တဲ့အကျင့် စသည်ဖြင့်အကျင့်အမျိုးမျိုးရှိကြပါတယ်။ လူတိုင်းရဲ့ကောင်းတဲ့အကျင့်၊ မကောင်းတဲ့အကျင့် အားလုံးဟာ အသစ်မွေးဖွားပြီးရင်တော့ ခရစ်တော်၌အကျင့်အားလုံးပြောင်းလဲပြီး လူသစ်ဖြစ်သွားကြမှာဖြစ်တယ်။ အရင်ကအကျင့်ကောင်းရှိခဲ့ရင်လည်း၊ ခရစ်တော်မပါတဲ့အတွက် မာန်မာနဝင်တတ်တယ် လူသစ်ဘဝမှာတော့ခရစ်တော်ထံမှာ အကျင့်သစ်များနဲ့ ကျင်လည်တော့မှာဖြစ်တယ်။ ဥပမာ – ကျမ်းစာမှန်မှန်ဖတ်ချင်လာတဲ့အကျင့်၊ မှန်မှန်ဆုတောင်းချင်တဲ့အကျင့်၊ ဗိမာန်တော်မှန်မှန်လာချင်တဲ့အကျင့်များ၊ စသဖြင့်ပြောင်းလဲလာမှာဖြစ်တယ်။

(၂) Practice

အကျင့်ကို practice လို့လည်း အဓိပ္ပါယ်ဖွင့်ဆိုလို့ ရနိုင်ပါသေးတယ်။ အထူးသဖြင့် အရှေ့တိုင်းသားတွေမှာကျင့်ကြံ ကြိုးစားအားထုတ်ခြင်းဆိုတဲ့ နေ့စဉ်နေ့တိုင်းမဖြစ်မနေ လေ့ကျင့် ရတဲ့အလုပ်မျိုးတွေရှိတတ်ပါတယ်။ ဥပမာ – သိုင်းလေ့ကျင့်ခြင်း၊ ပုတီးစိတ်ခြင်း၊ ယောဂီကျင့်စဉ်များ၊ စသဖြင့်ဖြစ်တယ်။ တချို့ကလည်း တမလွန်အကျိုးမျှော်ကိုးပြီး ဘာသာရေး ကျင့်စဉ်များ၊ ဥပုသ်စောင့်ခြင်းများလည်းပြုလုပ်ကြတယ်။ အားကစားသမားတွေကလည်း ပြိုင်ပွဲမှာအနိုင်ရဖို့အတွက် အမြဲလေ့ကျင့်ခဲ့ရမှာဖြစ်တယ်။ ကျောင်းသားတွေကလဲ စာမေးပွဲအောင်ဖို့ တစ်နှစ်တာပတ်လုံးလေ့ကျင့်ကျက်မှတ်ကြရတယ်။ ဓမ္မဟောင်းကာလမှာ လူတွေဟာဘုရားသခင်ရဲ့ စိတ်တော်နဲ့တွေ့အောင် ပညတ်တရားတွေကို လိုက်လျှောက်ကျင့်ကြံ

ခဲ့ကြရတယ်။ ဒါကြောင့် ဒီ practice အကျင့်ကတော့ အကျိုးတစ်ခုခုမျှော်ကိုးပြီး လူတွေကြိုးစားအားထုတ်တဲ့အရာဖြစ်တယ်။ သခင်ယေရှုခရစ်တော်လက်ဝါးကားတိုင်မှာ စီရင်ခြင်းခံခဲ့တာဟာ လူတွေခက်ခဲပင်ပန်းစွာကြိုးစားအားထုတ်ရမဲ့ ပညတ်တရားလက်အောက်က လွတ်မြောက်စေဖို့ဖြစ်သလို၊ လွတ်မြောက်ခဲ့ပြီလည်းဖြစ်တယ်။ လူတွေရဲ့ကျင့်ကြံကြိုးစားခြင်းဟာ ဘုရားသတ်မှတ်ထားတဲ့ကောင်းခြင်းကို မရောက်နိုင်၊ စံချိန်မမီနိုင်လို့ ဘုရားသခင်ကပဲ ကြီးမားတဲ့ဂရုဏာမေတ္တာတော်နဲ့ တစ်ပါးတည်းသောသားတော်ကိုစေလွှတ်ခဲ့တာဖြစ်တယ်။ လူသားတွေတမလွန်မှာကောင်းတဲ့နေရာရောက်နိုင်ဖို့လေ့ ကျင့်ကြိုးစားအားထုတ်စရာမလိုတော့ဘဲယေရှုခရစ်တော်က လုပ်ဆောင်ပေးသွားပြီဖြစ်တယ်။ ဟာလေလုယာ။

(၃) Work

အင်္ဂလိပ်ကျမ်းစာကိုပြန်ကြည့်တဲ့အခါ အကျင့်ဆိုတဲ့စကားကို work လို့ဖော်ပြထားတာတွေ့ရတယ်၊ တကယ်တော့ အကျင့်ဆိုတာ အလုပ်ကိုပြောတာဖြစ်တယ်။ ရှင်ယာကုပ်ဆိုလိုချင်တဲ့အကျင့်ဟာ (၁) Habit မဟုတ်သလို၊ (၂) practice ကိုပြောနေတာလဲ မဟုတ်ဘူး။ (၃) work ဆိုတဲ့အလုပ်ကိုပြောနေခြင်းဖြစ်တယ်။ ယုံကြည်သူများရဲ့ယုံကြည်ခြင်းကိုမိမိရဲ့ နေ့စဉ်လုပ်နေတဲ့အလုပ်နဲ့ ဖော်ပြဖို့ ရှင်ယာကုပ်က တိုက်တွန်းထားတာဖြစ်တယ်။ ‘‘ငါ့ညီအစ်ကိုတို့၊ တစ်စုံတစ်ယောက်သောသူက ငါသည် ယုံကြည်ခြင်းရှိ၏ဟုပြောလျက် အကျင့်ကိုမကျင့်ဘဲနေလျှင် အဘယ်အကျိုးရှိသနည်း။ ညီအကိုနှမတို့သည် အဝတ်အချည်းစည်းရှိ၍ နေ့တိုင်းစားရသောအစာမရှိသောအခါ သင်တို့တွင် တစ်စုံတစ်ယောက်သောသူက ငြိမ်ဝပ်စွာသွားကြလော့။ နွေးကြလော့၊ ဝကြလော့ဟုပြောလျက် သူတို့ကိုယ်နှင့်တော်လျော်သော အသုံးအဆောင်ကိုမပေးဘဲနေလျှင် အဘယ်အကျိုးရှိသနည်း’’ (ယာ ၂း၁၄ – ၁၆)

လူတစ်ယောက်က ဘုရားသခင်ကိုယုံကြည်ပါတယ်လို့ ပြောနေပြီး၊ ကိုယ်နဲ့စပ်ဆိုင်တဲ့သူမှာစားစရာ၊ ဝတ်စရာမရှိတာကို မြင်ရက်နဲ့ မကူညီဘူးဆိုရင်ဘုရားသားသမီးဖြစ်တယ်၊ ဘုရားကို ယုံကြည်သောသူဖြစ်တယ်လို့ပြောနိုင်ပါ့မလား။ (ယာ ၂း၁၉) မှာလည်း ‘‘ဘုရားသခင်တစ်ဆူတည်းရှိသည်ဟုသင်ယုံ၏။ ကောင်းပေ၏။ နတ်ဆိုးတို့လည်းယုံ၍ ကြောက်ရွံ့တုန်လှုပ်ကြ၏’’ နတ်ဆိုးတို့ကယုံတော့ကြောက်ရွံ့တုန်လှုပ်တဲ့ work ထွက်ပေါ်လာတာဖြစ်တယ်။ ဘုရားသခင်ကိုယုံရင် သူတပါးကို မစခြင်းဆိုတဲ့ work ထွက်ပေါ်လာမှာဖြစ်တယ်။ (ယာ ၂း၂၁ – ၂၃) မှာအာဗြဟံကိုဘုရားသခင်က သားဣဇက်ကို တောင်းတဲ့အခါမငြင်းဘဲ ယဇ်ပလ္လင်ပေါ်မှာ တင်လှူပူဇော်ဖို့ပြင်ဆင်ခဲ့ခြင်းအားဖြင့် အာဗြဟံကသူ့ရဲ့ယုံကြည်ခြင်းကို work နဲ့ ပြသခဲ့တာဖြစ်တယ်။ ဒါကြောင့်ဘုရားသခင်က အာဗြဟံရဲ့ယုံကြည်ခြင်းကို ဖြောင့်မတ်ခြင်းကဲ့သို့မှတ်တယ်ဆိုတဲ့ကျမ်းစကား ပြည့်စုံခဲ့တာဖြစ်တယ်လို့ရှင်ယာကုပ်က ပြောပြန်တယ်။ တစ်ခါ (ယာ ၂း၂၅) မှာ ပြည့်တန်ဆာ ရာခပ်ဟာ သူမရဲ့ယုံကြည်ခြင်းကို work နဲ့ ပြသခဲ့ပါတယ်။ ဘယ်လိုပြသခဲ့သလဲဆိုရင် တမန်တော်များကိုလက်ခံပြီး အခြားလမ်းကလွှတ်လိုက်ခြင်းဖြင့်ပြသခဲ့တာဖြစ်တယ်။ ရှင်ယာကုပ်က လျှာရဲ့အရေးပါပုံကိုဖော်ထုတ်ခဲ့ပါတယ်။ အလွန်ကြီးတဲ့သင်္ဘောကြီးတစ်စင်းကို ငယ်တဲ့တက်မနဲ့သာ ထိန်းချုပ်ထားသလို၊ လူ့ခန္ဓာမှာလျှာကအလွန်ငယ်တဲ့အင်္ဂါဖြစ်ပေမယ့် အလွန်အရေးပါကြောင်းပြောပြထားပါတယ်။ ယုံကြည်သူဖြစ်ရင် နှုတ်တစ်ခုထဲကနေထောမနာချီးမွမ်းခြင်းနဲ့ ကျိန်ဆဲခြင်းတွေမထွက်ဖို့၊ နှုတ်လျှာနဲ့ဝါကြွားခြင်းနဲ့ ဝါကြွားခြင်း၊ ဇာတိအရာတွေပြောဆိုခြင်းတွေ မလုပ်တဲ့ work နဲ့သက်သေပြဖို့ တိုက်တွန်းထားတယ်။ ယုံကြည်သူတစ်ယောက်ဖြစ်ရင် သီလဆောက်တည်ဟန်ပြုသော်လည်း မိမိနှုတ်ကိုမချုပ်တည်းရင် အချည်းနှီးသက်သက်ဖြစ်ကြောင်း (ယာကုပ်၁း၂၆) နဲ့၊ စုံစမ်းနှောင့်ယှက်ခြင်းကိုခံရရင်ဝမ်းမြောက်ပါ၊ သည်းခံခြင်းကို ပွားစေတာဖြစ်တယ်လို့ သွန်သင်ထားပြန်တယ်။ (ယာ ၁း၂–၃)

(ယာ ၁း၂၅) မှာတရားနာ၍မေ့လျော့သောသူမဟုတ်၊ အကျင့်ကျင့်သောသူဖြစ်သဖြင့် မိမိကျင့်သောအကျင့်၌ မင်္ဂလာရှိသောသူဖြစ်၏လို့ဖော်ပြထားပါတယ်။ ယုံကြည်သူများရဲ့အသက်တာဟာ အပတ်စဉ်တိုင်းဗိမာန်တော်မှာနှုတ်ကပတ်တရားတော်ကိုကြားနာလေ့ရှိသော်လည်း၊ မိမိရဲ့အသက်တာမှာလိုက်လျှောက်ကျင့်သုံးခြင်းမရှိဘဲ အသိတရား သက်သက်သာရှိနေတဲ့ ‘ခေါင်းကြီးခရစ်ယာန်’ များလည်းဖြစ်တတ်ပါတယ်။ အချုပ်ပြောရရင် ရှင်ယာကုပ်က ပြောင်းလဲပြီးသောသူများရဲ့အသက်တာများကို တည်ဆောက်ပေးနေတာဖြစ်တယ်။ မိမိရဲ့ယုံကြည်ခြင်းများကို work လို့ခေါ်တဲ့ အကျင့်နဲ့သက်သေပြဖို့ တိုက်တွန်းနေတာဖြစ်တယ်။ ဝိညာဉ်နဲ့ကင်းသော ကိုယ်ဟာအသေဖြစ်သလို၊ အကျင့်နဲ့ကင်းတဲ့ယုံကြည်ခြင်းဟာလည်း အသေဖြစ်တယ်လို့ ရှင်ယာကုပ်က ပြတ်သားစွာပြောနေပါတယ်။ ကဲကျွန်မတို့ယုံကြည်သူများရဲ့ယုံကြည်ခြင်းကို အလုပ်နဲ့ပြဖို့လိုလာပြီဖြစ်တယ်။

ဓမ္မဟောင်းကာလမှာ ဣသရေလလူတွေဟာပညတ်တော်(၁၀) ပါးအပြင်အခြားပညတ်များစွာ လိုက်လျှောက်ခဲ့ပါသော်လည်း မပြည့်စုံနိုင် တဲ့အတွက်တစ်နှစ်တစ်ခါယဇ်ကောင်များနဲ့ အပြစ်ဖြေခဲ့ကြရတယ်၊ သခင်ယေရှုခရစ်အားဖြင့် ပညတ်တရားပြည့်စုံခဲ့ပြီးတဲ့နောက်မှာ ဘုရားသခင်က ယုံကြည်သူများကိုတောင်းဆိုတဲ့အချက် (၂) ချက်ပဲရှိပါတယ်။ တစ်နည်းအားဖြင့်ပြောရရင် ယုံကြည်သူတွေလိုက်လျှောက်ရမဲ့အရာ သို့မဟုတ် ပညတ်သစ်(၂)ခုပဲရှိပါတော့တယ်။ အဲဒါကတော့ ‘ယေရှုက သင်၏ဘုရားသခင်ထာဝရဘုရားကို စိတ်နှလုံးအကြွင်းမဲ့၊ ဉာဏ်ရှိသမျှနှင့်ချစ်လော့ဟူသော ပညတ်သည် ပထမ ပညတ်ဖြစ်၏။ ကြီးမြတ်သောပညတ်လည်းဖြစ်၏။ ထိုမှတစ်ပါး ကိုယ်နှင့်စပ်ဆိုင်သောသူကို ကိုယ်နှင့်အမျှချစ်လော့ဟူသော ဒုတိယ ပညတ်သည် ပထမပညတ်နှင့်သဘောတူ၏။ (မ ၂၂း၃၇–၃၉)

ဘုရားသခင်ကိုစိတ်နှလုံးအကြွင်းမဲ့နဲ့ ချစ်မယ်ဆိုရင်တော့ ဘုရားသခင်ခိုင်းတာကို အာဗြဟံလိုဝမ်းမြောက်စွာလုပ်ဆောင်တော့မှာဖြစ်တယ်။ တစ်နည်းအားဖြင့်ယုံကြည်ခြင်းနဲ့ဆိုင်တဲ့အကျင့်တွေလုပ်ဆောင်လာမှာဖြစ်တယ်။ ကိုယ်နဲ့စပ်ဆိုင်သူကိုကိုယ်နဲ့အမျှချစ်တော့ ကိုယ်နဲ့စပ်ဆိုင်သူရဲ့အကျိုးပျက်စီးအောင်လုပ်မှာမဟုတ်တော့တဲ့အပြင်၊ ဒုက္ခရောက်တာမြင်ရင် ကူညီမစတော့မှာဖြစ်တယ်။ ဒါကြောင့်ရှင်ယာကုပ်ကရွှေပညတ်လို့တင်စားထားတာဖြစ်တယ်။ “ကိုယ်နှင့်စပ်ဆိုင်သောသူကိုကိုယ်နှင့်အမျှချစ်လော့ဟု ကျမ်းစာ၌ပါသောရွှေပညတ်တော်ကိုသင်တို့စောင့်ရှောက်လျှင် ကောင်းသောအကျင့်ကိုကျင့်ရာရောက်ကြ၏” (ယာ ၂း၈) သူတစ်ပါးကိုချစ်တာဟာ အကျင့်တရားနဲ့ပြည့်စုံသူဖြစ်တယ်လို့လည်း (ရောမ ၁၃း၈) မှာဖော်ပြထားပါတယ်။ “ထို့ကြောင့်ချစ်ခြင်းမေတ္တာသည် အကျင့်တရားပြည့်စုံရာဖြစ်သတည်း” လို့လည်း (ရောမ ၁၃း၁၀) မှာထပ်မံဖော်ပြထားပါတယ်။ အကျင့်နဲ့ကင်းတဲ့ယုံကြည်သူများမဖြစ်ဖို့အတွက် ဘုရားသခင်ကိုချစ်ဖို့၊ အချင်းချင်းချစ်ဖို့အလွန်လိုအပ်ပါတယ်။ ဘုရားသခင်ဟာချစ်ခြင်းမေတ္တာဖြစ်တော်မူပါတယ်။ ချစ်ခြင်းမေတ္တာမှာတည်သောသူဟာလည်းဘုရားသခင်ထံမှာတည်သောသူဖြစ်ပါတယ် (၁ယော ၄း၁၆)

တစ်စုံတစ်ဦးဟာ ဒုစရိုက်ကိုပြုမိတဲ့အခါ၊ စာတန်ရဲ့သွေးဆောင်မှုနောက်သို့ပါသွားတဲ့အခါ၊ နောင်တတရားနဲ့ ခရစ်တော်ဆီပြန်လာဖို့လိုပါတယ်။ တစ်စုံတစ်ဦးဟာ စုံစမ်းနှောက်ယှက်ခြင်းခံရပြီး ‘လဲ’ သွားရင်လည်းဝိုင်းပြီးထူမပေးဖို့လိုပါတယ်။ နောင်တနဲ့ပြန်လာတဲ့လူကိုလည်း မေတ္တာနဲ့ဖေးမဖို့၊ လက်ကမ်းကြိုဆိုဖို့ လိုအပ်ပါတယ်။ ဒါဟာ အချင်းချင်းချစ်ခြင်းဖြစ်တယ်။ “ထမ်းရွက်စရာဝန်ချင်းတို့ကိုအချင်းချင်းကူညီ၍ထမ်း ရွက်သောအားဖြင့် ခရစ်တော်၏တရားကိုကျင့်ကြလော့” (ဂလာတိ ၆း၂)

အခုတော့ကျွန်မလည်း နှုတ်ကပတ်တော်အပေါ်မှာ ဇဝေဇဝါနဲ့အတွေးတွေများမနေတော့ပါဘူး။ ရှင်းလင်းစွာသိလာဖို့ဖွင့်ပြတဲ့သန့်ရှင်းသောဝိညာဉ်တော်ကို ကျေးဇူးတင်ရပါတယ်။ သန့်ရှင်းသောဝိညာဉ်တော်က သမ္မာတရားကိုနားလည်နိုင်ဖို့မျက်စိဖွင့်ပေးသူ၊ သွန်သင်ပေးသူ ဖြစ်ပါတယ်။ “သမ္မာတရား

နှင့်ပြည့်စုံသောထိုဝိညာဉ်တော်သည် ရောက်လာသောအခါ သမ္မာတရားကိုသင်တို့အားအကြွင်းမဲ့ သွန်သင်ပြသလိမ့်မည်” (ယော ၁၆း၁၃)

ကယ်တင်ခြင်းသို့ရောက်ခြင်းဟာ ကျွန်မတို့ရဲ့ကောင်းမြတ်မှု၊ ကုသိုလ်၊ ကျင့်ကြံကြိုးစားအားထုတ်မှုလုံးဝမပါဘဲ၊ ယုံကြည်ခြင်းအားဖြင့် ကျေးဇူးတော်ကြောင့်၊ ဘုရားသခင်ရဲ့ဂုဏ်ကျေးဇူးကြွယ်ဝလွန်းမှုကြောင့်၊ အခမဲ့သက်သက်ရရှိတဲ့ ထူးမြတ်တဲ့လက်ဆောင်မွန်ဖြစ်ပါတယ်။ လူရဲ့လုပ်ဆောင်မှုဘာမှထပ်ပေါင်းထည့်စရာမလိုပါဘူး။ သခင်ယေရှုခရစ်က အမှုပြီးပြီလို့ပြောခဲ့ပြီးဖြစ်ပါတယ်။ ယုံကြည်ပြောင်းလဲပြီးရင်တော့ ယုံကြည်ခြင်းနဲ့ဆိုင်တဲ့ အကျင့်သို့မဟုတ် work လေးတွေလုပ်ဆောင်ဖို့လိုအပ်ပါတယ်။ ကောင်းသောအကျင့်၊ ကောင်းသောပုံသက်သေများကြောင့် ကယ်တင်ခြင်းသို့ရောက်မှာမဟုတ်သော်လည်း၊ ကယ်တင်ခြင်းသို့ရောက်ပြီးရင်တော့ ကောင်းသောအကျင့်၊ ကောင်းသောပုံသက်သေလိုပါတယ်။ အဲဒီကောင်းသောအကျင့်၊ ကောင်းသောပုံသက်သေကဘာလဲဆိုရင် ဘုရားသခင်ကိုချစ်ဖို့နဲ့အချင်းချင်းချစ်ဖို့ဖြစ်တယ်။ ဒါမှသူတပါးကမြင်တွေ့တဲ့အခါ ဘုရားရဲ့သားသမီးတွေအဖြစ်မြင်တွေ့စေပြီး ဘုရားဘုန်းထင်ရှားစေမှာဖြစ်တယ်။ အကျင့်နဲ့ကင်းတဲ့ယုံကြည်ခြင်းရှိတဲ့ယုံကြည်သူတွေမဖြစ်စေဘဲ၊ အကျင့်တည်းဟူသော ချစ်ခြင်းမေတ္တာမှာ ကျင်လည်တဲ့သူတွေဖြစ်ဖို့လိုပါတယ်။ ချစ်ခြင်းမေတ္တာကသူတပါးကို ချစ်ဖို့ရော၊ မိမိမိသားစုအတွင်းမှာလည်း ဘုရားသခင်အုပ်စိုးခြင်းဖြင့်ချစ်ခြင်းမေတ္တာနဲ့ ပြည့်စေတော့မှာဖြစ်တယ်။ ဘုရားသခင်က များများ မခိုင်းထားပါဘူး။ ပညတ်လေးနှစ်ခုထဲပါ။

ဘုရားသခင်ဟာဘာကြောင့် ပညတ်နှစ်ခုပေးထားပြီး ယုံကြည်သူတွေကိုလိုက်လျှောက်စေချင်တာလဲ ယုံကြည်သူကျွန်မတို့ကို ကောင်းကြီးရစေချင်လို့ဖြစ်တယ်။ ကျွန်မတို့ကို ကောင်းကြီးပေးချင်လွန်းလို့ဖြစ်တယ် ဟာလေလုယာ၊ “ထာဝရဘုရားကိုကြောက်ရွံ၍ ပညတ်တော်တို့၌ အလွန်မွေ့လျော်သောသူသည် မင်္ဂလာရှိ၏။ ထိုသူ၏သားမြေးတို့သည် မြေပေါ်မှာ အားကြီးကြလိမ့်မည်။ ဖြောင့်မတ်သောသူ၏အမျိုးအနွယ်သည် မင်္ဂလာရှိတတ်၏။ ထိုသူ၏အိမ်၌ စည်းစိမ်ဥစ္စာကြွယ်ဝ၍ သူ၏ကောင်းကျိုးသည် အစဉ်အမြဲတည်တတ်၏”(ဆာလံ ၁၁၂း၁–၃)

ပိုပြီးဝမ်းသာစရာကောင်းတာရှိပါသေးတယ်။ အသက်တာသစ်မှာလိုက်လျှောက်ရမဲ့ အကျင့်သို့မဟုတ်ပညတ်သစ်များအတွက် ကျွန်မတို့ဝန်လေးခက်ခဲစွာလိုက်လျှောက်ရမှာမဟုတ်ဘဲ၊ ‘သူ’ ကပဲအထဲကနေ စေတနာနဲ့ ပြုပြင်ပေးဦးမှာဖြစ်တယ်။ ဘုရားသခင်လွန်စွာကောင်းမြတ်လှပါတယ်။ “အကြောင်းမူကား၊ သင်တို့သည်အလိုရှိစေခြင်းငှာ၄င်း၊ အကျင့်ကျင့်စေခြင်းငှာ၄င်း၊ သင်တို့အထဲ၌ စေတနာတော်အားဖြင့်ပြုပြင်တော်မူသောသူကား ဘုရားသခင်ပေတည်း” (ဖိလိပ္ပိ ၂း၁၃)

ခရစ်တော်၌ (အန်တီအေး – မူဆယ်)

**အဆိုအမိန့်**

ဆိုးရှုံးသွားတဲ့ပစ္စည်း ဥစ္စာကိုကြိုးစားရင်ပြန်ရတယ်။ မေ့ပျောက်တဲ့ပညာကို လေ့လာရင်ပြန်ရတယ်။ ကျန်းမာရေးမကောင်းရင်ဆေးကုလို့ရတယ်။ ကုန်သွားတဲ့အချိန်ကတော့ ထာဝရဆိုးရှုံးသွားတော့တယ်။ (S. Smiles)

အကယ်၍ သင်ပိုင်တဲ့ ဥစ္စာကို သင်မပေးကမ်းနိုင်ရင် ထိုဥစ္စာကိုသင်မပိုင်ဘူး၊ သင့်ကိုထိုဥစ္စာကပိုင်တယ်။ (A. Schweitzer)

အသင်းတော်သည် သာသနာလုပ်ငန်း၌ ဘုရားသခင်၏ တန်ဆာပလာများဖြစ်သည်။ (DA Thanga Samy)

# ကောင်းကင်သို့အလည်တခေါက်

၁၉၈၈ ၊ ဩဂုတ်လမှာပေါ့၊ အာကင်ဆက်နယ်၊ မင်နီးလီးယား မြို့ခရစ်ယာန်စင်တာက၊ နိုးထမှုအစည်းအဝေးမှာဝေဒ့ဘို့၊ ဆရာပေါလ်တြိုကွေးရဲ့ဖိတ်ကြားမှုနှင့် ကျွန်တော်ရောက်နေပါတယ်၊ ဘတ်စ်ဝက်စတန်မိုတယ်မှာတည်းနေစဉ် – တမနက်မှာဆရာပေါလ်က နေ့လည်စာကျွေးဘို့လာခေါ်မယ်လို့ဖုန်းဆက်ပါတယ်အဲဒီတမနက်ခင်းလုံးမှာကျွန်တော်ဟာ မသက်မသာမအီမလည်ဖြစ်ခြင်းကို၊ ဝိညာဉ်ထဲမှာခံစားနေခဲ့ရပါတယ် ယခင်အခါများမှာလည်းဖြစ်ဘူးပါတယ်၊ အဲဒီလိုဖြစ်လေ့ရှိတိုင်းဘုရားရှင်ရဲ့ဖေါ်ပြချက် တစ်စုံတစ်ရာကို ရခဲ့လေ့ရှိပါတယ်။

နေ့လည်ခင်းမှာတော့ ဆရာပေါလ်ဟာကျွန်တော့်ကို လမ်းတဖက်ကစားသောက်ဆိုင်ဆီကို ကားနဲ့တင်ခေါ်သွားပါတယ်၊ စားသောက်ဖွယ်ရာမှာထားဆဲမှာ ကျွန်တော်ဟာဆက်ပြီး နေလိုစိတ်မရှိအောင်ဖြစ်ရတဲ့အတွက် ''ခွင့်လွှတ်ပါဆရာ ကျွန်တော့်ကိုပြန်ခွင့်ပြုပါ ရှိုင်းတယ်လို့မအောက်မေ့ပါနဲ့'' ဆိုပြီး ကောက်ခါငင်ကာပြောတော့သူ့ခမျာ စိတ်ပူရှာပြီး ''နေမကောင်းဘူးလား ဘာများဖြစ်သလဲ'' လို့မေးပါတယ်၊ ကျွန်တော်လည်း အတတ်နိုင်ဆုံးရှင်းပြပြီး အားနာစွာဘဲသူ့ကိုချန်ထားခဲ့ရပါတယ်။

မိုတယ်အခန်းပြန်ရောက်ရင်ဘဲ ''မနှောက်ယှက်ပါနဲ့'' ဆိုတဲ့ စာတန်းကိုတံခါးလက်ကိုင်မှာချိတ်ပြီး တံခါးပိတ်ထားလိုက်ပါတယ်။ အပေါ်အင်္ကျီကိုချွတ်ပြီးတာနဲ့ကုတင်ဘေးမှာ ဒူးထောက်ရင်း နာရီကိုကြည့်မိတော့နေ့ခင်းတစ်နာရီအတိပါ။ ဘာအတွက် ဘယ်လိုဆုတောင်းရမှန်းမသိတဲ့အတွက်ယခင်ကလို အခြားသောဘာသာစကားနဲ့ ဝိညာဉ်တော်ဘုရားဘဲဦးဆောင်ဆုတောင်းပေးဘို့ခေါ်ဖိတ်ပြီး ဆုတောင်းရပါတော့တယ်။

သိပ်မကြာခင်မှာ အလွန်ထူးဆန်းတဲ့ ဆွဲငင်အားတစ်ခုရဲ့ စုတ်ယူဝါးမြိုခြင်းကိုခံစားလိုက်ရပြီး အခန်းအပြင်ဘက်ဆီကို ပါသွားခဲ့ရတယ်၊ ခန္ဓာကိုယ်ကျန်ခဲ့သလားပါခဲ့သလား ဆိုတာ လှည့်မကြည့်ရလို့မသိနိုင်ပါဘူး။

'' ဝူး ရှဲရှဲရှဲ'' ဆိုတဲ့ ပါဝါတန်ခိုးပြည့်တဲ့သံစဉ်တစ်ခုကိုလည်း ကြားမိပါတယ်။ ကျွန်တော်ဟာသတိပြုမိချိန်မှာကေဘဲလ်ကား လိုအလုံပိတ်တစ်ခုထဲမှာပေါ့၊ ရှေးခေတ်ကနှစ်ဘီးတပ်ယဉ်တွေလိုလည်းထင်ရတာပါဘဲ၊ ရထားလုံးဆိုပါတော့၊ ဒါပေမဲ့ ရုပ်ရှင်ထဲမှာမြင်နေရတာတွေနဲ့တော့တစက်မှပုံစံမတူပါဘူး။ ပြတင်းကနေပြင်ပကိုမြင်ရလို့သာ ထူးခြားတဲ့အရှိန်အဟုန်နဲ့ ရွေ့နေမှန်းသိနိုင်တာပါ။ စက်ကိရိယာတစုံတရာလည်းမတွေ့ရ၊ မြင်းတကောင်မှလည်းမမြင်ရတာကြောင့် ဘယ်လိုမောင်းနှင်နေသလဲမဆိုနိုင်ပါဘူး နဘေးမှာတစုံတစ်ယောက် ရှိနေတယ်လို့ သိလာတာကြောင့်ကြည့်မိတော့၊ တောက်ပလက်တဲ့ ဆံကေသာနဲ့ကောင်းကင်တမန်ပါဘဲ၊ သူ့ကိုယခင်တခါတွေ့ခဲ့ရပြီးပါပြီ ''ဘယ်ကိုသွားနေတာလဲ'' ဆိုတော့ ''ဘုရားရှင်ဆီကို'' လို့ဖြေတယ်။ ဒီအချိန်မှာဘဲယဉ်ကဆင်းသက်နေပါပြီလို့ခံစားမိတယ်၊ ရပ်သွားတာနဲ့တံခါးပွင့်လာတယ်။

## ''သာယာလှပလွန်းသောနေရာ''

'ကောင်းကင်ဘုံဟာနီးလှချေလား' လို့ထင်မိတယ်။ မြန်လွန်းတာကိုး၊ ကျွန်တော်ဟာအလွန်ဘဲစိတ်လှုပ်ရှားနေပါတယ် ''လှလိုက်တာဗျာ'' မြင်လေရာရာဟာ လှလွန်းတယ်၊ မျက်တောင်မခတ်ရက်အောင်ဘဲ၊ ''တကယ်ပဲကောင်းကင်ဘုံကိုကျွန်တော်

ရောက်နေပါပြီကော” ပထမဦးဆုံး မြင်ရတဲ့နေရာက ‘ပရဒိသုဘုံ’ ပါ။ ယခင်ကတော့ပရဒိသုဘုံကို “ဖျက်စီးခဲ့ရတယ် မရှိတော့ဘူး” လို့ထင်မိတာပါ၊ ပရဒိသုဘုံဟာအလွန်ကြီးမားကျယ်ပြန့်ပါတယ် ‘သန့်ရှင်းသောမြို့တော်’ ကိုပတ်ရစ်ဝန်းရံထားလျှက်ရှိနေတယ်။ ဘယ်လောက်ကျယ်ပြန့်ပြီးကြီးမားသလဲဆိုရင်တခြား ကမ္ဘာဂြိုလ်တစ်ခုကိုရောက်နေရသလိုပါ ကျွန်တော်ဟာချက်ခြင်းပဲပျပ်ဝပ်မိပြီး ‘ဘုရားရှင်ဘုန်းကြီးပါစေ’ လို့ချီးမွမ်းလိုက်တဲ့အခါ၊ အနီးကကောင်းကင်တမန်ဟာလည်း ပျပ်ဝပ်လိုက်ပြီး ‘ချီးမွမ်း’ နေပါတယ်။ “အမြင့်ဆုံးသောဘုရား ယေဟောဝါဘုရားရှင် ဘုန်းကြီးပါစေ၊ ဟောရှဏ္ဏာဖြစ်ပါစေ” လို့ဆက်ပြီးချီးမွမ်းလိုက်ပါတယ်။ ကျွန်တော်ဟာအတော်လေးစိတ်လှုပ်ရှားနေတာပါ။ ဒီမှာဘာလုပ်ရမှာလည်း” လို့မေးမိတော့ကောင်းကင်တမန်က “ဘုရားရှင်နဲ့တွေ့ဘို့ သန့်ရှင်းသောမြို့တော်ဆီကိုဆက်သွားရမှာ” လို့ဖြေတယ်။

ကျွန်တော်မြင်နေရတာက ဒီနေရာဟာအလွန်တရာ လင်းလွန်းတယ်ဆိုတာပါ။ တသက်တာလုံးမှာ ဒီလောက်တောက်ပထိန်လင်းတာမျိုးကိုမမြင်ဘူးခဲ့ပါဘူး။ လှမ်းမျှော်ပြီး လေ့လာကြည့်ရှုမိတဲ့အခါ၊ မြေကမ္ဘာမှာရှိနေတဲ့အရာတွေကိုလဲမြင်ရပါတယ်၊ “တောင်တန်း၊ တောင်ကုန်း၊ ချိုင့်ဝှမ်း၊ စမ်းချောင်း၊ ရေတံခွန်” တွေသာမက ‘နှင်း’ ဖွေးဖွေးကိုပါမြင်ရပါတယ်။ အေးတော့ မအေးပါဘူး။ လှပလွန်းတဲ့ပန်းရောင်စုံတွေထဲမှာ တခါမှမမြင်ဘူးတဲ့ အရောင်တွေပါရှိနေတယ် ဥပမာ – ရွှေရောင်နဲ့ကြည်လင်တဲ့သလင်း အရောင်ကအစပေါ့ပန်းတွေရဲ့အနံ့ဟာလည်း တသက်တာလုံးမကြုံခဲ့ရဘူးတဲ့မွှေးရနံ့အစုံစုံပါ။ လှမ်း မျှော်ကြည့်လိုက်တဲ့အခါ သန့်ရှင်းတဲ့မြို့တော်ဆီက စီးဆင်း လာတဲ့မြစ်တစ်ခုကိုတွေ့ရပါတယ်မြစ်ကမ်းဝဲယာနံဘေးမှာ သစ်ပင်တွေအစီအရီနဲ့လေ၊ လူထောင်ပေါင်းများစွာဟာလည်း အဲဒီသစ်ပင်တွေအနီးမှာပေါ့။

ဒီအခိုက်အတန့်မှာဘဲကျွန်တော်နဲ့မလှန်းမကမ်းကို၊ ရထားလုံးတွေဆိုက်ပြီးလူတွေ ဆင်းလာကြတယ်။ သူတို့လဲကျွန်တော့်လိုစိတ်လှုပ်ရှားပြီး ချီးမွမ်းနေကြတယ်။ လှပတဲ့ဝတ်စုံတွေနဲ့ပါ ညည့်အိပ်အင်္ကျီအရှည်လိုမျိုးပေါ့ ထင်ရှားတောက်ပတဲ့အဖြူရောင်ပါ။ မြင်းတွေခွေးတွေနဲ့ ကြောင်တွေကိုလည်း တွေ့မြင်နေရပါတယ်၊ ကြောင်တွေဟာခြသေ့် လေးတွေအရွယ်လောက်ရှိတာလည်းတွေ့ရတယ်။

လူတွေဟာသန့်ရှင်းတဲ့မြို့တော်စီကိုဦးတည်ပြီး သွားနေတာတွေ့ရတယ်အလွန်ဝေးလှတဲ့နေရာပေမဲ့ ပလ္လင်တော်ဟာမြင့်မားစွာတည်နေတာကြောင့်မျှော်ကြည့်လေရာရာ နေရာတိုင်းကမြင်ရပါတယ်။ “အဝတ်အစား”ကျွန်တော်ဟာဂျင်းဘောင်းဘီနဲ့ ရှပ်အင်္ကျီဝတ်လျှက်ပါဘဲ၊ အခြားလူတွေကတော့လှပဖွေးဆွတ်နေတဲ့ ဝတ်ရုံရှည်တွေနဲ့ပါအချို့လူတွေက တော့တောက်ပတဲ့အပေါ်ဝတ်ရုံတွေပါရှိနေတယ်၊ ကောင်းကင်တမန်ကရှင်းပြပါတယ် ‘ခရစ်တော်ကိုကယ်တင်ပိုင်ရှင်အဖြစ် လက်ခံယုံကြည်ပေမဲ့နှုတ်ကပါတ်တော်အတိုင်းနာခံသက်ရှင်မှုမရှိသူတွေက၊ ဖြောင့်မတ်ခြင်းဝတ်လုံမရှိဘူး’ တဲ့ – (ဟေရှာ ၆၁း၁၀) မှာရေးထားတဲ့ကယ်တင်ခြင်းအဝတ် တန်ဆာနဲ့ဖြောင့်မတ်ခြင်းဝတ်လုံဆိုတဲ့အရာကိုအခုမှ ကျွန်တော်နားလည်ရပါတယ်။

ဆက်ပြီးသိရတာက ‘ကယ်တင်ခြင်းတန်ဆာ’ ဝတ်ထားသူတွေကို ဒီမှာဆက်ပြီး ဘုရားရှင်အကြောင်းသင်ပေးပါတယ်တဲ့– သူတို့တွေဟာဘုရားရှင်ရဲ့မျက်မှောက်တော်ကိုဝင်ရဘို့ဟာ အလွန်အားနည်းမှာဖြစ်လို့မြစ်ကမ်းတလျှောက်ကအပင်ရဲ့အသီးတွေကိုစားပြီး၊ အရှက်ရဲ့အနံကိုရှုရန်ပြင်ဆင်ထားပါတယ်တဲ့။ ဒီအခါကျွန်တော်ဟာ (ဗျာ၂၂း၁–၃) မှာပါတဲ့ “အသက်ရေစီးရာမြစ်” နဲ့ မြစ်နှစ်ဖက်က အသက်ပင်အကြောင်းအပါအဝင် အသီးတစ်ဆယ့်နှစ်မျိုးနဲ့ အနာငြိမ်းစေတဲ့အရွက်အကြောင်းကိုနားလည်ရပြန်ပါတယ်။ ဒီအချိန်မှာဘဲလမ်းလျှောက်နေရင်း ကျွန်တော်ဟာ အလွန်အားနည်းချိနဲ့လာပါတယ် ဒါကြောင့် ကောင်းကင်တမန်ကအသီးအချို့ကိုသွားခူးပြီး ကျွန်တော့်ကိုစားခိုင်းပါတယ်။ ကြေးနီရောင်ရှိပြီးအရည်ရွှမ်းတယ်၊ ကောင်းလွန်းတယ်ဆိုတာဘဲကျွန်တော်သိပါတယ်၊ ဘယ်လိုအသီးမျိုး

လည်းလိုနှိုင်းမပြုတတ်ပါဘူး လူသွားလမ်းတစ်လျှောက်လုံးမှာ ပန်းခင်းတွေချည်းပါဘဲ အစကကြွေမှာစိုးလို့မနင်းရက်ပေမဲ့ “ရဲရဲသာနင်းပါ” ဆိုလို့နင်းပြီးပြန်လှည့်ကြည့်တော့ ပန်းတွေဟာ ကြေခြင်းကျိုးပဲ့ခြင်းမရှိဘဲ ယခင်လိုစပ်မော့မော့ကလေး တွေပြန်ဖြစ်ပြီးလှမြဲပေါ့ သူက “သေခြင်းကြေပျက်ခြင်းဆိုတာ ကောင်းကင်နိုင်ငံနှင့်မဆိုင်ဘူး” လို့ရှင်းပြပါတယ်။ သစ်ပင်တွေ ဟာလည်းအညိုရောင်တရွက်မှမရှိဘဲ စိမ်းလန်းနေကြပါတယ်။ ဒါ့ထက်ထူးတာက “အရိပ်” ဆိုတာကလုံးဝရှာမတွေ့နိုင်တဲ့အရာ ဖြစ်နေတယ် ကျွန်တော်အမျိုးမျိုးစူးစမ်းလည်းလုံးဝ ‘အရိပ်’ ကိုမတွေ့ရဘူး ဒီနေရာဟာမှောင်မိုက်နဲ့မဆိုင်တဲ့အရပ်ပါ’ လို့ ကောင်းကင်တမန်ကပြောတယ်။ တကယ်တော့ ကျမ်းစာမှာ ရေးထားပြီးဘဲ (၁ယော ၁း၅) နဲ့ (ယာ ၁း၁၇) အရ ‘အလင်းတို့၏အဘ’ ရှိရာအရပ်မဟုတ်ပါလား။

## “ကလေးများ”

ကလေးများရဲ့သီချင်းသံကိုကြားလိုက်တာကြောင့်၊ မျှော်ကြည့်တဲ့အခါ ရွှေစောင်းကလေးတွေကိုပိုက်ပြီး ချီးမွမ်းသီချင်းဆိုနေတဲ့ ကလေးများစွာကိုတွေ့ရပါတယ်။ ဒီကလေးတွေဟာ ကိုယ်ဝန်ဖျက်ချခြင်းခံရတဲ့ကလေး များဖြစ်ကြောင်း၊ ဘုရားရှင်က ပြန်သိမ်းထားရကြောင်း ပြောပြပါတယ်။ ကိုယ်ဝန်အလိုလိုပျက်ကျသွားလို့ ‘လူ’ မဖြစ်လိုက်ရတဲ့ခလေးတွေလည်း ကောင်းကင်နိုင်ငံမှ ခေါ်ယူကြီးပျင်းစေရပါတယ်တဲ့ မွေးမှာသေဆုံးရတဲ့ကလေး အပါအဝင်၊ လက်ျာ၊ လက်ဝဲမသိတဲ့ကလေးတွေဟာကောင်း ကင်နိုင်ငံမှာရောက်နေရပြီး သူတို့ကိုဘုရားရှင်အကြောင်း လူများနဲ့ ကောင်းကင်တမန်များက သင်ကြားပေးနေတာကို တွေ့ရပါတယ်။ အရှေ့တိုင်းသားကလေးငယ်တွေကိုမြင်ရတော့ အံ့သြပြီးမေး မိတယ်၊ ရုပ်တုကိုးကွယ်သူများရဲ့ကလေးပေမဲ့ ဖန်ဆင်းရှင် ဘုရားကသာပိုင်ဆိုင်တာဖြစ်လို့ခေါ်ယူထားပါတယ်တဲ့။

## “ယေရှုခရစ်တော်နှင့်ကလေးများ”

ရုတ်တရက်လူတွေရဲ့ဝမ်းမြောက်ဟစ်ကြွေးသံကို ကြား လိုက်ရပြီး၊ ကလေးတွေရဲ့ တပြိုင်နက်သီဆိုချီးမွမ်းကြသံကို ကြားရတယ်။ သန့်ရှင်းတဲ့မြို့တော်ဆီကအလွန် တောက်ပတဲ့ အလင်းရောင်တစ်ခုလာနေတာ တွေ့ရတယ် ‘အရှင်ယေရှု’ ဖြစ်ကြောင်းသိရတယ်။ ကလေးများဟာ ကိုယ်တော်ထံကို ပြေးသွားနေကြတယ်၊ ဝေးလွန်းပေမဲ့ကိုယ်တော်ဟာ သူတို့ကို နွေးထွေးစွာကြိုဆိုပွေ့ဖက်လိုက်ကြောင်းသိရပါတယ်၊ ကလေးတွေ ကိုအလွန်ဂရုစိုက်တဲ့ ကိုယ်တော်အကြောင်းကို (မ ၁၀း၁၄) ထဲမှာဖတ်ခဲ့ဘူးပြီလေ။

## “ရွှေမြို့တော်သို့”

‘ဒို့ခရီးဆက်ရမယ်’ လို့ကောင်းကင်တမန်က ပြော တယ်၊ ‘မင်းအတော်အားနည်းနေပြီ ဒါတွေစားဦး’ လို့အသီး တွေပေးတာကြောင့် စားရတယ်။ ရွှေမြို့တော်ဆီကိုဦး တည်သွား နေကြတဲ့ ‘ကယ်တင်ခြင်းတန်ဆာ’ မျှသာဝတ်ထားရသူတွေ ဆီကိုချည်းကပ်ရတာတွေ့တယ်၊ အလွန်ချိုနဲ့ဟန်ပေါ့၊ အသီး တွေစား အရွက်ကိုရှူပြီးရှေ့ဆက်ကြ၊ ပြန်လှည့်ကြ၊ ခူးစားကြနဲ့ လေ။ မြို့ရိုးအနီးကိုရောက်တော့ (ဗျာ ၂၁း၁၇–၁၈)မှာ ဖော်ပြထားတဲ့အတိုင်း၊ အလွန်တရာတောက်ပလင်းလက်တဲ့ နဂါးသွဲ့ကျောက်မြို့ရိုးဟာ ကြီးမားကျယ်ပြန့်လွန်းပါတယ်။ မြို့ရိုးအမြစ်တစ်ဆယ်နှစ်ထပ်အနီးကို ချည်းပြီး (ဗျာ ၂၁း၁၄) မှာပါတဲ့အတိုင်း တမန်တော်ဆယ့်နှစ်ပါးအမည်ကိုကြည့်မိတယ်၊ အောက်ဆုံးက ‘ပေတရု’ ပြီးတော့ ဒုတိယမှာ ‘ပေါလု’ ဖြစ် နေတယ်၊ ကျွန်တော်က ‘ယောဟန်’ ဖြစ်မယ်ထင်တာ မဟုတ် ပါကလား၊ တတိယမှ ‘ယောဟန်’ ဖြစ်နေတယ်။

(နောက်လဆက်ဖတ်ရန်)

ဆရာမစန်းစန်းမြင့်